ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

# <u>ညွှန်ကြားချက်</u>

အကြောင်းအရာ။ ဆေးဝါးမှတ်ပုံတင်ခြင်းကိစ္စများအတွက် ပေးသွင်းငွေများကိစ္စ။

ရည် ညွှန်း ချက်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ (၀၅-၉-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ အစဆ/(စီမံ)-၂၀၁၅/ ၁၇၁၈။

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ပြည်တွင်းမှ လုပ်ငန်းရှင်/ကုမ္ပဏီများသည် ဆေးဝါးမှတ်ပုံတင်စိစစ်ခ၊ ဆေးဝါးမှတ်ပုံတင်ကြေး၊ အချက်အလက်ပြောင်းလဲကြေးများကို ရန်ကုန်ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ငွေစာရင်းသို့ ငွေလွှဲစနစ်ဖြင့် ပေးသွင်းလျက်ရှိရာ ဘဏ်ချလံများပြည့်စုံစွာမရသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ပေးသွင်းရာတွင် ဘဏ်စာရင်း (Bank Statement) နှင့် ဆေးဝါးဌာနခွဲမှ ပေးပို့သောစာရင်းတို့ မကိုက်ညီခြင်းကြောင့် စာရင်းစစ်ကန့်ကွက်ချက်များ ဖြစ်ပေါ်လျက်ရှိပါသည်။ လုပ်ငန်းရှင်/ကုမ္ပဏီများသည် ဆေးဝါးလုပ်ငန်းဆိုင်ရာပေးသွင်းငွေများအား နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေရေးအတွက် ညွှန်ကြားထားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်တွင်းမှ လုပ်ငန်းရှင်/ ကုမ္ပဏီများသည် ဆေးဝါးမှတ်ပုံတင်စိစစ်ခ၊ ဆေးဝါးမှတ်ပုံတင်ကြေး၊ အချက်အလက်ပြောင်းလဲကြေးများအတွက် ငွေပေးသွင်းရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ချလံဖြင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်သို့ အောက်တိုဘာလ (၇)ရက်နေ့မှစ၍ ပေးသွင်းရန်လိုအပ်ပါသည်။ တိုက်ရိုက်ပေးသွင်းပြီးပါက အထောက်အထား စာရွက်စာတမ်းများနှင့် ဘဏ်ချလံတစ်စောင်ကို ဆေးဝါးဌာနခွဲသို့လည်းကောင်း၊ ချလံမိတ္တူတစ်စောင်ကို ငွေစာရင်းဌာနသို့လည်းကောင်း သတ်မှတ်အချိန်အတိုင်းအပ်နှံရန် အသိပေးအကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ဒေါက်တာသိဂီဇင်၊ညွှန်ကြားရေးမှူး

စာအမှတ်၊ အစဆ/ (ဆ၀) ၂၀၁၅ / ၁၈၄၈
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ( ၃၀ )ရက်။

စာအဝင်
အမှတ်စဉ် ..............
ရက်စွဲ 01 OCT 2015